ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၁/၂၀၁၇)

| | |
|---|---|
| ဦးနိုင်မင်းစိုး(ပိုင်ရှင်)<br>ဦးမောင်မောင်အေး(စက်ရုံမှူး၊ တာဝန်ခံ)<br>MYANMAR BEANS & TIMBER TRADING CO.,LTD၊အမှတ်-၉၁၊ဦးဖိုးလှိုင်လမ်း၊<br>စက်မှုဇုန်(၂)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်သန္တာမိုးမြင့်<br>အမှတ်-၂၀၊ လှေအသင်းဝန်ဦးချိန်လမ်း၊ ၁၈ ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

---

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဦးဖိုးလှိုင်လမ်း၊ အမှတ်-၉၁ ရှိ MYANMAR BEANS & TIMBER TRADING CO.,LTD ပိုင်ရှင် ဦးနိုင်မင်းစိုးနှင့် ဒေါ်သန္တာမိုးမြင့်တို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၇/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်သန္တာမိုးမြင့်မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ရပ်စဲခံရသဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် နို့တစ်ကြေးတစ်လစာ၊ ရက်ပေါင်ကြေး ၅

ရက်စာ၊ အချိန်ပိုကြေးတစ်နာရီ ၉၀၀ိ/-နှုန်းကို တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်ဘက်မှ အောက်ပါ ကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမား ဒေါ်သန္တာမိုးမြင့်သည် ၎င်းတောင်းဆိုသည့် အချက် ၄ ချက်ဖြစ်သော ရက်ပေါင်ကြေး ၅ ရက်စာ၊ အချိန်ပိုကြေးတစ်နာရီ ၉၀၀ိ/-နှုန်း၊ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် နို့တစ်ကြေး တစ်လစာတို့အား ရထိုက်ပါသလား။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်မှ တောင်းဆိုသူ အလုပ်သမား ဒေါ်သန္တာမိုးမြင့်အား အလုပ်ရပ်စဲမှုနစ်နာကြေး လဝက်စာ ၅၄၀၀၀ိ/-နှင့် နို့တစ်ကြေး တစ်လစာ ၁၀၈၀၀၀ိ/-၊ စုစုပေါင်း ၁၆၂၀၀၀ိ/-၊ (ကျပ်တစ်သိန်း ခြောက်သောင်းနှစ်ထောင်တိတိ/-)ကို ပေးရန်ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇/၂၀၁၇) ဆုံးဖြတ်ချက်အပေါ် တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့် ကြော်ငြာစာအမှတ် (၂၆/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၂၁/၂၀၁၇) အား ကြားနာ စစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမား ကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့ သည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိကောင်စီ ခုံအဖွဲ့ ရှေ့မှောက်သို့ ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်သန္တာမိုးမြင့်တောင်းဆိုသည့် အလုပ်ရပ်စဲမှုနစ်နာ ကြေးနှင့် နို့တစ်ကြေးတစ်လစာတို့အား ပေးသင့်/မပေးသင့်။

တွေ့ရှိချက်

၇။ Myanmar Bean & Timber Co.,Ltd ဝိုင်သစ်ပါးလွှာစက်ရုံမှ အလုပ်သမား(၁၈)ဦးအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၆ ရက်နေ့မှစ၍ အလုပ်ရပ်စဲရာတွင် အလုပ်သမား ၁၇ ဦးက အလုပ်ရှင်ပေးသည့် လဝက်စာအလုပ်ရပ်စဲမှုနစ်နာကြေးနှင့် လုပ်ခကျန်ငွေများကိုရယူခဲ့ပါသည်။ ယခုတောင်းဆိုသူ ဒေါ်မိုးသန္တာမိုးမြင့်တစ်ဦးတည်းကသာ ထိုပေးငွေများကိုမယူဘဲ ရွှေပြည်သာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ယင်း၏ဆန္ဒကိုဆောင်ရွက်ပေးရန် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ ရက်နေ့တွင် တိုင်ကြားခဲ့ပါသည်။ တိုင်ကြားစာပါအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အလုပ်ရပ်စဲမှုအတွက် နို့တစ်ကြေးရရှိလိုခြင်း၊

(ခ) အလုပ်ရပ်စဲမှုနစ်နာကြေးရရှိလိုခြင်း၊

(ဂ) အချိန်ပိုလုပ်ခအပြည့်မရဘဲ ၇၅၀ိ/-သာ ပေးသဖြင့် ခံစားခွင့်အပြည့် ၉၀၀ိ/- ရရှိလိုခြင်း၊

(ဃ) အခြားအလုပ်သမားခံစားခွင့်များရရှိလိုခြင်း၊

၈။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ၁၈-၁-၂၀၁၇ ရက်နေ့၊ ၂၀-၁-၂၀၁၇ ရက်နေ့နှင့် ၂၃-၁-၂၀၁၇ ရက်နေ့များတွင်ညှိနှိုင်းရာ ပြေလည်မှုမရရှိခဲ့ပါ။ အလုပ်သမား တောင်းဆိုသည့် အခြားအလုပ်သမားခံစားခွင့်များဆိုသည်မှာ OT ကြေး၊ ရက်ပေါင်ကြေးနှင့် နစ်နာကြေးများကို ဆိုလိုကြောင်းထွက်ဆိုခဲ့ပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အလုပ်သမားက တောင်းဆိုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါရှိပါသည်-

(က) ရက်ပေါင်ကြေး ၅ ရက်အတွက် ပြန်ရလိုခြင်း၊

(ခ) OT လုပ်ခ ၇၅၀ိ/-သာ ထုတ်ယူရ၍ ဥပဒေပါအတိုင်း တစ်နာရီ ၉၀၀ိ/- ရလိုခြင်း၊

(ဂ) အလုပ်ရပ်စဲနစ်နာကြေး ၃၆၀၀ိ/-အပြည့်ဖြင့် တွက်ပေးစေလိုခြင်း၊

(ဃ) ရက်(၃၀)ကြိုတင်အသိပေးရာရက်(၃၀)မပြည့်မီ ၅-၁-၂၀၁၇ရက်နေ့၌ အလုပ်ရပ်စဲခံရသဖြင့် နို့တစ်ကြေးတစ်လစာရလိုခြင်း၊

၁၀။ ၂၀-၂-၂၀၁၇ ရက်နေ့၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုရာ၌ နောက်ဆုံးထုတ်လစာ OT မပါ ၁၀၈၀၀၀ိ/-ကျပ်ဖြစ်ကြောင်း၊ အလုပ်ရပ်နားကြော်ငြာစာတွင် ၇-၁၂-၂၀၁၆ ရက်နေ့မှ ၆-၁-၂၀၁၇ရက်နေ့အထိ တစ်လနို့တစ်ကာလပေးကြောင်း၊၅-၁-၂၀၁၇ရက်နေ့တွင် အလုပ်ထုတ်ခံရရာ ထိုနို့တစ်စာပါ ရက် (၃၀) မပြည့်မီရပ်စဲခံရ၍ နို့တစ်ကြေးရလိုကြောင်း၊ အလုပ်ဝင်စဉ်က တစ်လ

၈၁၀၀၀ကျပ်/-ကျပ်ဖြင့် ရက်ပေါင်ကြေး (၅)ရက်စာ ပေးစေလိုကြောင်း၊ OT ကြေး ၇၅၀ိ/-ကျပ်သာရ၍ ၉၀၀ိ/-ကျပ်နှုန်းဖြင့် ရလိုကြောင်းနှင့် ၆-၁-၂၀၁၇ ရက်နေ့တွင် ပိုင်ရှင်က အလုပ်ရပ်စဲမှုအတွက် လဝက်စာနစ်နာကြေးပေးသည်ကို မယူခဲ့ကြောင်း စသည့်အချက်များပါရှိပါသည်။

၁၁။ ခုံသမာဓိအဖွဲ့သို့ အလုပ်ရှင်ဘက်မှ တင်ပြသည့်ချေပလွှာတွင် လစာပေးစနစ်မှာ တစ်လစာပေးသောစနစ်ဖြစ်၍ ရက်ပေါင်ကြေးမရှိကြောင်း၊အလုပ်ရပ်စဲမှုနစ်နာကြေး၊ အချိန်ပိုကြေးနှင့်လုပ်ခကျန်ငွေများကို ပေးမည်ဖြစ်ကြောင်း၊ တစ်လတာစာထုတ်ပြီး အသိပေးခဲ့ခြင်းကြောင့် နို့တစ်ကြေးတစ်လစာငွေမပေးနိုင်ကြောင်း အချက်များပါရှိပါသည်။ ၂၀-၂-၂၀၁၇ ရက်နေ့၊ ခုံသမာဓိအဖွဲ့ ရှေ့မှောက်တွင် ထွက်ဆိုရာ၌ ၇-၁၂-၂၀၁၆ ရက်နေ့မှ ၆-၁-၂၀၁၇ ရက်နေ့အထိ နို့တစ်ကာလအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ အစမ်းခန့်ကာလ ၈၁၀၀၀ိ/-အတွက် OT လုပ်ခ (၁)နာရီ ၇၅၀ိ/-ကျပ်ပေးခဲ့ကြောင်း၊ ဥပဒေနှင့်အညီတွက်ချက်ပေးမည်ဖြစ်ကြောင်း၊ ၁-၁-၂၀၁၇ ရက်နေ့မှ ၅-၁-၂၀၁၇ ရက်နေ့အထိ လုပ်ခကျန်ငွေပေးမည်ဖြစ်ကြောင်း၊ နို့တစ်ကာလ (၁)လပြည့်သည့် ၅-၁-၂၀၁၇ ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့ကြောင်း၊ ရက်ပေါင်ကြေးမရှိကြောင်း၊ ထို့ကြောင့် အလုပ်ရပ်စဲနစ်နာကြေးပေးမည်ဖြစ်ကြောင်း၊ အချိန်ပိုလုပ်ကိုင်ခြင်းကို ခွင့်ပြုမိန့်တောင်းခံ၍ လုပ်ကိုင်ကြောင်း စသည့်အချက်များပါရှိပါသည်။

၁၂။ ခုံအဖွဲ့မှ စစ်ဆေးချက်အရ အလုပ်ရှင်သည် ၇-၁၂-၂၀၁၆ ရက်နေ့မှ ၆-၁-၂၀၁၇ ရက်နေ့အထိ နို့တစ်ကာလသတ်မှတ်ချက်နှင့်အညီ ၆-၁-၂၀၁၇ ရက်နေ့အထိ ယခုအလုပ်သမားအပါအဝင် အလုပ်သမား (၁၈)ဦးတို့အား (၆)ရက်စာ လုပ်ခများနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးကို ပေးချေခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ နို့တစ်ပေးသည့်တစ်လတာ ကုန်ဆုံးပြီးမှ အလုပ်ရပ်စဲနစ်နာကြေးပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒေါ်သန္တာမိုးမြင့်၏ လုပ်သက်မှာ (၇)လကျော်ရှိကြောင်း အမှုတွဲစာရွက်စာတမ်းများအရ တွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၁၃။ ခုံသမာဓိအဖွဲ့က တောင်းဆိုသူအလုပ်သမားသည် တောင်းဆိုချက် ၄ ချက်ဖြစ်သော ရက်ပေါင်ကြေး ၅ ရက်စာ၊ အချိန်ပိုကြေးတစ်နာရီ ၉၀၀ိ/-ကျပ်၊ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် နို့တစ်ကြေးတစ်လစာတို့အား ရထိုက်သလားဟူသည့် ကောက်ချက်ချမှတ်၍ အောက်ပါအတိုင်းသုံးသပ်ပါသည်-

(က) ရက်ပေါင်ကြေး ၅ ရက် ရထိုက်ခွင့်ရှိ/မရှိ အလုပ်သမားမှ ထင်ရှားစွာပြသနိုင်ခြင်းမရှိကြောင်းနှင့် အကယ်၍ရှိလျှင်လည်း အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တင်ပြတောင်းဆိုသင့်ကြောင်း၊

(ခ) OT ၇၅၀ိ/-ကျပ်သာ ပေးခဲ့မှုကို အလုပ်ရှင်မှဝန်ခံသဖြင့် ၉၀၀ိ/-ကျပ်နှုန်းဖြင့် တွက်ချက်ပေးရန် တောင်းဆိုထားသည့်အချိန်ပိုကြေးအား ပြန်လည်ခံစားခွင့်ရရှိမည်ဖြစ်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင်သာ တင်ပြသွားသင့်သည့်ကိစ္စဖြစ်ကြောင်း၊

(ဂ) အလုပ်ရပ်စဲမှုနစ်နာကြေး လစာဝက်အား ခံစားခွင့်ရရှိနိုင်ကြောင်း၊

(ဃ) နို့တစ်ကာလ ၇-၁၂-၂၀၁၆ ရက်နေ့မှ ၆-၁-၂၀၁၇ ရက်နေ့အထိ ၁ လ ဖြစ်ရာ နို့တစ်စာ ကုန်ဆုံးသည့်နေ့မှာ ၆-၁-၂၀၁၇ ရက်နေ့ဖြစ်ပြီး၊ ထိုနေ့မတိုင်မီ ၅-၁-၂၀၁၇ ရက်နေ့တွင် အလုပ်ရပ်စဲခဲ့ခြင်းဖြစ်၍ နို့တစ်ကာလတစ်လမပြည့်မီ အလုပ်ရပ်စဲခဲ့ခြင်းသာဖြစ်၍ နို့တစ်ကြေးရထိုက်ကြောင်း၊

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်မှာ "အလုပ်ရှင်မှ တောင်းဆိုသူ ဒေါ်သန္တာမိုးမြင့်အား အလုပ်ရပ်စဲမှုနစ်နာကြေးလဝက်စာ ၅၄၀၀၀ိ/-နှင့် နို့တစ်ကြေးတစ်လစာ ၁၀၈၀၀၀ိ/-၊ စုစုပေါင်း ၁၆၂၀၀၀ိ/-ကို ပေးရန်"ဟူ၍ ဖြစ်ပါသည်။

၁၄။ အလုပ်သမား၏ တောင်းဆိုချက် ၄ ချက်အနက် ရက်ပေါင်ကြေးဆိုသည့်အချက်မှာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းရာ၌ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။ အချိန်ပိုကြေးကွာခြားမှုကိစ္စရပ်မှာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဆောင်ရွက်ရာ၌ ပါဝင်ခဲ့ပါသည်။ ခုံသမာဓိအဖွဲ့တွင် ထိုကိစ္စနှစ်ရပ်ကို ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ ခုံသမာဓိအဖွဲ့က စစ်ဆေး၍သုံးသပ်ရာတွင်ထိုအချက်များပါဝင်သော်လည်း တစ်စုံတစ်ရာဆုံးဖြတ်မှုမပြုခဲ့ပါ။ ထိုအချက်များမှာစတင်တိုင်ကြားစဉ်က သက်ဆိုင်ရာဦးစီးဌာနမှ ဆောင်ရွက်နိုင်ရန်စီစဉ်ခဲ့လျှင် အချိန်(၃)လခန့်ရှိပြီဖြစ်သဖြင့် အလုပ်သမားအတွက် အဖြေတစ်ခုရရှိပြီးဖြစ်နိုင်ပါသည်။ ယခုအမှုတွင် ထည့်သွင်းဆောင်ရွက်သဖြင့် အဖြေမရဘဲ အချိန်ကြာသွားသည့်အခြေအနေပေါ်ပေါက်ပါသည်။ ထိုအချက်မျိုးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနမှစည်းကြပ်ဆောင်ရွက်သည့်ဥပဒေနှင့် အကျုံးဝင်သည့်ကိစ္စရပ်များဖြစ်၍ ယခုအမှုစတင်စဉ်ကပင် ထည့်သွင်းမဆောင်ရွက်သင့်ဟု သုံးသပ်ပါသည်။

၁၅။ အလုပ်သမားတောင်းခံသည့်စာနှင့် ထွက်ဆိုချက်များတွင် အလုပ်ရပ်စဲမှုနစ်နာကြေးပမာဏကိုဖော်ပြထားခြင်းမရှိပါ။ သို့သော် ၃၆၀၀ိ/-ဖြင့်အပြည့်ရလိုကြောင်း ထွက်ဆိုထားမှုရှိပါသည်။ ခုံသမာဓိအဖွဲ့က အလုပ်သမား၏ လုပ်သက်အရ ရသင့်သည်ကို ခံစားခွင့်ပြုရန်ဆုံးဖြတ်ခဲ့ပါသည်။ အလုပ်ရှင်က အလုပ်ရပ်နားသော အလုပ်သမားများအား ထုတ်ပေးရန်စီစဉ်ခဲ့ပြီး၊အလုပ်သမားက မယူခဲ့သည့်စာရင်းတွင် အလုပ်ရပ်စဲမှုအတွက် နစ်နာကြေးအဖြစ် ၅၄၀၀၀ိ/- (လဝက်စာ)ဖော်ပြ

ထားပါသည်။ ခုံသမာဓိအဖွဲ့ကလည်း ထိုအတိုင်းခံစားခွင့်ပြုရန် ဆုံးဖြတ်ထားပါသည်။ အလုပ်သမား၏ လုပ်သက်အရ ထိုဆုံးဖြတ်ငွေပမာဏကို ရထိုက်သည်ဟုသုံးသပ်ပါသည်။

၁၆။ အလုပ်ရှင်အနေဖြင့်နို့တစ်စာပေးပြီး၊နို့တစ်စာကာလကုန်ဆုံးပြီးမှ အလုပ်ရပ်စဲမှုနစ်နာကြေးပေးသည့်အနေအထားသို့ ရောက်ရှိခဲ့သည်ဟု သုံးသပ်ပါသည်။ အထက်ပါသုံးသပ်ချက်ကို အလုပ်သမား (၁၇)ဦးက လက်ခံ၍ ၆-၁-၂၀၁၇ ရက်နေ့အထိ လုပ်ခကိုလက်ခံရယူသွားကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ အလုပ်ရှင်မှ အလုပ်သမား ဒေါ်သန္တာမိုးမြင့်အား ယင်း၏ လုပ်သက်အရ ရထိုက်သည့် အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် ကျပ် ၅၄၀၀၀၀/ (ကျပ်ငါးသောင်းလေးထောင်တိတိ)ကိုပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |